# THE ADVENTURES OF TINTIN

## REPORTER FOR "LE PETIT VINGTIÈME"

# IN THE CONGO

**တင်တင်** ၏စွန့်စားခန်းများ

**ကွန်ဂို**

မယ်ကျွဲ
(မြန်မာပြန်သည်)



# THE ADVENTURES OF
# TINTIN
## REPORTER FOR "LE PETIT VINGTIÈME"
# IN THE CONGO

**တင်တင်** ၏စွန့်စားခန်းများ

ကွန်ဂို

မယ်ကျွဲ

(မြန်မာပြန်သည်)



ဖါတို့စာပေမှ ပထမအကြိမ်အဖြစ် ၂၀၁၈၊ ဒီဇင်ဘာလတွင် ထုတ်ဝေသည်။
ရန်ကုန်မြို့ရှိ ဖါတို့စာပေ ပုံနှိပ်တိုက်(၀၀၇၀၇)တွင် အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေသည်။


ယခု စာအုပ်တွင် ဖော်ပြထားသည်များမှ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ အခန်းလိုက်ကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်ဆင့်ပြန်လည်ကူးယူ ဖော်ပြခြင်းကို ခွင့်မပြု။ မူပိုင်ခွင့် ရရှိထားသူ သို့မဟုတ် ထုတ်ဝေသူထံမှ ခွင့်ပြုချက် ရမှသာ တစ်ဆင့်ဖော်ပြရန် အသိပေးအပ်သည်။


**(စာအုပ်အညွှန်းရေးသားရန်အတွက် ခွင့်ပြုချက်တောင်းရန် မလိုပါ။)**


**တန်ဖိုး- ၂၀၀၀ ကျပ်**




Printed and Bound in Myanmar



အန်တရော့ကနေ ရှက်တိုက်မယ်။ သင်္ဘောနာမည်က တိုက်စဗယ်တဲ့။
သူက ဘယ်သူလဲ။ အဲဒါ မစ္စတာတင်တင်တဲ့။ လာပတီဖန်းတီးယမ်းရဲ့သတင်းထောက်။ အခု ကွန်ဂို သွားမယ်ဆိုပဲ။
ဟုတ်တယ်။ ခြသေ့ အမဲလိုက်ထွက်မို့လို့။ အမဲလိုက်တာ မခက်ခဲပါဘူး။
ဝုတ်… ဝုတ်…
ဘိုင့်… ဘိုင့်…
သင်္ဘောပေါ် ရောက်ပြီ။
ဒါက ဆရာတို့ရဲ့ အခန်းပါ။
ကျေးဇူးတင်ပါတယ်။ အခန်းက ရှယ်ပဲ။
တင်တင်က ကုန်းပတ်ပေါ် တက်သွားတုန်း ငါ့ကိုတစ်ကောင်တည်း ထားခဲ့တယ်။ အထုတ်တွေကိုလည်း ဒီတိုင်း ထားခဲ့တာပဲ။ ဟာ… ပင့်ကူ… 'မနက် ပင့်ကူမြင်တာ ကံမကောင်းဘူး'
အို… ဘာပဲဖြစ်ဖြစ် အထုတ်တွေကို စစ်ကြည့်မှ။ ပထမဆုံး… မှန်တစ်ချပ်… လှလိုက်တဲ့မှန်… ဟိုက် ကျပြီ။
ကယ်ပါဦး… ကွဲသွားပြီ။ အယူသီးတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ အကုန်လုံး တစ်ပြိုင်တည်း ဖြစ်နေပါလား။ မှန်ကွဲရင် ခုနစ်နှစ် ကံမကောင်းဘူးတဲ့ ဘုရား… ဘုရား…။



ဟာ ခြင်ထောင်ကွ။ ဒါက ခြင်ဦးရေ ပေါက်ကွဲခြင်းကို မလိုလားတဲ့သူတိုင်းအတွက် မရှိမဖြစ်လိုတဲ့အရာပဲ။ ဒါတင်မကသေးဘူး အဲဒီနေရာမှာ ကျားရဲတိရစ္ဆာန်တွေလည်း အစုလိုက် အပြုံလိုက်ရှိတယ်လို့ တင်တင် ပြောသေးတယ်။
ကျည်ဆန်က အကြီးကြီးပဲ။ ဆင်ပစ်ဖို့ဖြစ်မယ်။ ငါ့ဟာငါ ယုံကြည်မှုအပြည့်ရှိတယ်။ တကယ်ကို လှုပ်ရှားချင်နေပြီ။
အားလုံး ထွက်လာကြဟေ့။ သဘောကို စွန့်ခွာကြ။
!
အမြန် အမြန်...
အသက်ကယ်ဘောကွင်း ယူမှ။
အဲဒီ အသက်ကယ် ဘောကွင်းက ငါနဲ့ အဆင်မပြေဘူး။
အားလုံး ထွက်လာကြဟေ့။
?
?
ဟာမ်... ဒါဆို ဒါတွေ အော်နေတာ ဒီကြက်တူရွေးလား။
ကိုယ့်ကိုယ်ကို စောင့်ရှောက်ကြ။
ကောင်စုတ်။ ဝုန်းဒိုင်းကို ကြဲနေတာပဲ။ အကုန်ကြောက်ပြီး သေကုန်တော့မှာပဲ။
?
အား... ကယ်ပါဦး။
ဟော့ကောင် မင်း ထမင်းဝအောင် စားထားစမ်း။
ကိုယ့်ကိုယ်ကို စောင့်ရှောက်...။



ငါ့အခန်းထဲမှာ ဘာဖြစ်နေတာလဲ။
!
စနိုဝီ။ စနိုဝီ… မင်း Psittacosis ရောဂါကူးမှာ မကြောက်ဘူးလား။
ကိုယ့်ကိုယ်ကို စောင့်ရှောက်ကြ။ ကိုယ့်ကိုယ်ကို စောင့်ရှောက်ကြ။
Psittacosis = ကြက်တူရွေးမှတစ်ဆင့် ကူးစက်တတ်သောရောဂါ။
အဲလိုချည်းလား၊ တင်တင်။ ငါ Psittacosis ဖြစ်နေပြီလို့ ထင်တာလား။
နက်ဖြန်ထိ စောင့်ကြည့်မယ် စနိုဝီ၊ နက်ဖြန်ထိ မင်း အသက်ရှင်ဦးမလားလို့။
?
အို သနားစရာ စနိုဝီလေး… အရမ်းနာနေမှာပဲ။ ငါတို့ သင်္ဘောဆရာဝန်ဆီ သွားမှရမယ်။
တင်တင် ငါသေတော့မှာလားဟင်။
ကျွန်တော့်ရဲ့ခွေးလိမ္မာလေးပါဗျာ။ ကြက်တူရွေးကိုက်ခံရလို့။
ဟေ ဟေ စိတ်ဝင်စားစရာပဲကွ။
အင်း… ပြောရတာတော့ အားနာပါရဲ့။ သူ့ကို အသေးစားခွဲစိတ်မှုလေး လုပ်ရမယ်။
မကြောက်နဲ့နော် စနိုဝီ။
စိတ်မပူပါနဲ့ တင်တင်။ ငါ သတ္တိရှိတယ်။
အရမ်း မနာပါဘူးကွာ။
?
?
နီး နီး နီး အခါတစ်ထောင်ဖြစ် နီး ဒီလောက်ပစ္စည်းတွေနဲ့ နှိပ်စက်တာတော့ မခံနိုင်ဘူး။


မဟုတ်ဘူး စနိုဝီ။ မကြောက်ပါနဲ့ အဲဒီလူမည်းက သင်္ဘောပေါ်က လက်သမားပါ။
သူ့ပစ္စည်းတွေနဲ့ မင်းကိုနာအောင် မလုပ်ပါဘူး။
ငါ ထွက်ပြေးတာ ငါကြောက်လို့ မဟုတ်ဘူး။ အဲဒီလူ ကြည့်ရတာ ရှက်နေပုံ ပေါက်လို့၊ ငါ့ကို ကြောက်တယ်ထင်လို့။ ငါ သူ့ကို မကြောက်စေချင်လို့ပါ။
အိုကေ… အဆင်သင့်ပဲဗျို့။
လုံးဝမနာစေရဘူးနော်။
အား…………
ခဏလေးနော်…။
ကဲ ပြီးပြီ။ သိပ်မကြာပါဘူး။
ဟေး ဟေး ငါ ကောင်းသွားပြီ။
စနိုဝီကို ကယ်ပေးတာ ကျေးဇူး အများကြီး တင်ပါတယ်ဗျာ။
ကဲ ကဲ ဖြည်းဖြည်းသွားကြ။ အဲဒီကြက်တူရွေးကို ဝေးဝေးရှောင်။
အေးဆေးပါဗျာ။
ဝူး…………
?
အို…ဆောရီး စနိုဝီလေး မင်း တော်တော်ကံနိမ့်နေပါလား။
လာ သွားစို့၊ ကုန်းပတ်ပေါ်မှာ ခဏလမ်းလျှောက်ကြမယ်။
?
ခွေးညစ်ပတ်…ခွေးညစ်ပတ်…။
ဟမ်..ဒီကြက်တူရွေး ခုထိ ငါ့ကို မှတ်မိတုန်းပဲ။ ပညာပေးမှ။


စနိုဝီ… ဒီကိုလာ စနိုဝီ
ဝုတ်ဝုတ်
ခွေးစုတ်
ခွေးညစ်ပတ် ခွေးညစ်ပတ်
ဟော့ကောင် မင်း ဒီအတွက် ပေးဆပ်ရမယ်။
ခွေးညစ်ပတ် ခွေးညစ်ပတ်
?
?
ငါသဘော်ခိုးစီးလာတာ မြင်သွားပြီ။ ဒီခွေးကြောင့် ငါ့ကို မိတော့မှာပဲ။ တစ်ခုတည်းသော နည်းလမ်းက ဒီကောင့်ကို သိပ်ပစ်လိုက်မယ်။
ဒီငနဲ ဒီမှာ ဘာလုပ်နေတာလဲ။
!
ဒီကောင် ရှူးနေလား မသိဘူး။
ကယ်ကြပါဦး။ ငါ ရေနစ်တော့မယ်။
ဒီလောက်ဆို သေလောက်ပြီ… ဟား… ဟား… မဖြစ်စလောက်ကောင်။


ရေထဲ ပြုတ်ကျသွားပြီ။
စက်ရပ်။
အမြန်…ကုန်းပတ်ပေါ်က
ဒီဝါယာကြိုးကို စနိုဝီဆီ ပစ်ပေးမှ။
သေချာကိုင်ထား စနိုဝီ၊
ငါ မင်းကို ဆွဲတင်မယ်။
ဟာ…ဂရုစိုက်ဦး၊
သူ ခာတ်လိုက်ပြီး
သေလိမ့်မယ်။
အီး… ခာတ်လိုက်ပြီဟ။
သခင်ခွေးရေ ဖမ်းလိုက်ပါ၊ ဒါမှ အသက်ကယ်ဘောကွင်း အစစ်။


စနိုဝီ ဘယ်မှာလဲ။
အခုလေးပဲ ရေနစ် သွားတယ် သခင်။
ဒါတောင် မင်းက သူ့ကိုကယ်ဖို့ ဘာမှလုပ်ဖူးပေါ့။ ကြည့်ထားစမ်း။ တကယ့်လူဆိုတာ ဘယ်လိုလုပ်လဲလို့။
သခင်… မကောင်းဘူး၊ အောက်မှာ ငါးမန်းတွေ ရှိတယ်။



?
ကြည့်ပါဦး၊ ငါးမန်း ပြန်လှည့်လာပြီ။
ဒီညနေတော့ ဒီကောင် ဗိုက်နာတော့မှာပဲ။
ဆရာ သူသေပြီလား…။
သူနှလုံးခုန်သေးလား… ဖြေပါဦး ဆရာ။
တိတ်တိတ်နေစမ်းပါ။
ငါ ဘာမှ
မကြားရတော့ဘူး။
သူ မသေသေးဘူး။ နှလုံးခုန်နေသေးတယ်။
ဘုရားရေ… ကယ်ပါ…
သူ အသက်ရှူလာအောင်
အရင်လုပ်ရမယ်။
သူပြန်ကောင်းလာမှာလား။
ကဲ အဝတ်မြန်မြန်သွားလဲမယ်။
ပြီးတော့ ကောင်းကောင်းစားပြီး
ကောင်း ကောင်း အိပ်စို့။



သင်္ဘောသည် ရက်ပေါင်းများစွာ ခရီးဆက်လေသည်။
ငါတို့ ကွန်ဂိုရောက်ပြီ။ ငါတို့မာတာဒီကို မရောက်ခင် ဘွန်းဘာမှာ ဆင်းမယ် စနိုဝီ။
ကြည့် ကြည့်၊ မြူမွေး။ ဟိုမှာ တိုက်စဗယ်သင်္ဘော၊ အဲဒီပေါ်မှာ သခင် တင်တင်နဲ့ သူ့ခွေးလေး စနိုဝီပါလာတယ်။ တင်တင်လေ လာပတီဗန့်တီးယမ်းက သတင်းထောက် သား သိတယ် မဟုတ်လား။
တင်တင် သက်တော်ရာကျော် ရှည်ပါစေ…
တင်တင် သက်တော်ရာကျော် ရှည်ပါစေ…
စနိုဝီ သက်တော်ရာကျော် ရှည်ပါစေ…
စနိုဝီ သက်တော်ရာကျော် ရှည်ပါစေ…
တင်တင် သက်တော်ရာကျော် ရှည်ပါစေ…
စနိုဝီ သက်တော်ရာကျော် ရှည်ပါစေ…
ထမင်းဝအောင် စားထားဦးပေါ့။


ထိုညနေ ဟိုတယ်တွင်
သဘောကောင်းလိုက်တဲ့ ဒေသခံတွေ။ ငါတို့ကို ဟိုတယ်ရောက်အောင်ကို ပန်းပေါ်တင်ပြီး ထမ်းလာတာ။ ကဲ ခုတော့ အိပ်ချိန်ရောက်ပြီ။
သိပ်ကောင်းတဲ့ အကြံပဲ။
ကဲ ရှယ် အိပ်တော့မယ်။ ကုန်းမြေပေါ်မှာလောက် အနားယူလို့ ကောင်းတဲ့နေရာ မရှိဘူး။
အိုး… အို… ခြင်သံတွေပါလား။
တော်သေးတယ် ခြင်က ခွေးကို မကိုက်တတ်ဘူးလို့ လူတိုင်း သိကြလို့။
အား…………
ဟာ… ခွေးကို ခြင်မကိုင်ရဘူးဆိုတာ ခြင်တွေ ကိုယ်တိုင်ကျ မသိကြပါလား။
အား…………
နောက်တစ်ရက် မနက်….။
ဟဲလို… စနိုဝီ၊ ညက ကောင်းကောင်း အိပ်ပျော်ရဲ့လား။
အို… သနားစရာလေး။ တစ်ကိုယ်လုံး အကိုက်ခံထားရပါလား။ ခြင်ထောင်မပါဘဲ အိပ်လိုက်တာကိုး။ မင်း သက်သာ အောင် လုပ်ပေးမှရမယ်။


ဒေါက်
ဒေါက်
ဒေါက်
ဒေါက်
ဝင်ခဲ့ပါဗျာ။
မစ္စတာ တင်တင်လား။
ဟုတ်ကဲ့ ကျွန်တော်ပါ။
မစ္စတာ တင်တင်။ ကျွန်တော့်ကို နယူးယောက်အီးဗီနင်းနယူးက လွှတ်လိုက်တာပါ။ နယူးယောက်က မစ္စတာ တင်တင် ကွန်ဂိုမှ ပေးပို့မယ့် သတင်းတွေအတွက် ဒေါ်လာ ၁၅၀၀ နဲ့ ဝယ်ယူလိုပါတယ်။ ဒီမှာ ချက်စ်လက်မှတ်ပါ။ ကျွန်တော်တို့ရဲ့စာချုပ်မှာ လက်မှတ်ထိုးပါခင်ဗျာ။
တင်တင် ခင်ဗျာ.... လန်ဒန်က 'လန်ဒန်ဒေလီး'က ဆရာကို စတာလင်ပေါင် ၂၅၀ နဲ့ အဆိုပြုလိုပါတယ်။ လက်ခံပါသလား ခင်ဗျာ။
ဘာရယ်...
စင်ညော်။ ကျွန်တော်ဟာ လီစဘွန်းက 'ဒိုက်ယာရီယိုဒလီ ရှုဘိုဝက်' သတင်းစာကို ကိုယ်စားပြုပါတယ်။ လူကြီးမင်းရဲ့ ကွန်ဂိုတွင် ရရှိသောသတင်းများကို ကျွန်ုပ်တို့ သတင်းဌာနအား ဖော်ပြခွင့်ပေးမည်ဆိုပါက အလွန် ဝမ်းမြောက်မိမှာ ဖြစ်ပါတယ်ခင်ဗျာ။ လူကြီးမင်းရဲ့ဝန်ဆောင်မှု အတွက် ကျွန်ုပ်တို့သတင်းဌာနကို အက်စကူတို ၂ သောင်းဖြင့် ကမ်းလှမ်းခွင့်ပြုပါ ခင်ဗျာ။
နှစ်ဆတိုးပေးမယ် ဒေါ်လာ သုံးထောင်။ ဒီမှာ လက်မှတ်ထိုးပါ။
ငါတို့ ဘာလုပ်ကြမလဲ။
ဟုတ်တယ် ဘာလုပ်ကြမလဲ။
ကျွန်တော် ငြင်းပါရစေဗျာ။ ခင်ဗျားတို့ပေးတာ များပေမဲ့ ကျွန်တော့်ကို လာပတီဗန်တီးယမ်းက ပေးထားတာက ပိုများတယ်။ တကယ်လို့ ခင်ဗျားတို့က ပိုပေးနေမယ်ဆိုရင်တောင် ကျွန်တော်က ကတိကို ဖောက်ဖျက်မှာ မဟုတ်ဘူး။ ခင်ဗျားတို့ ပြောနေလည်း အလကားပါပဲ။
ကဲ သူတို့သွားကြပြီ။ ငါတို့လည်း သွားဖို့ လာဖို့ ပြင်ဆင်စို့။ ကောင်လေးတစ်ယောက်နဲ့ ကား တစ်စီး လိုမယ်ကွ။
အဲဒါတွေ အားလုံးထက် ခြင်ထောင်လေးတော့ မမေ့လိုက်နဲ့ဦး။
ငါ ကွန်ဂိုအတွင်း ထွက်မည့်ခရီးကို မင်းလိုက်မယ်နော် ကိုကို။ သဘောတူတယ်နော်။
ဟုတ်ကဲ့ သခင်။
ကားလား။ ကျွန်တော့်မှာ အကောင်းဆုံး တရုန်စန်ဟာရန် မော်ဒန်နဲ့ ကားရှိတယ်။ အဲဒါကို ယူပါ။
နောက်တစ်ရက် မနက်


မင်း ဒီနားမှာနေခဲ့ ကိုကို။ ကားကို ကြည့်ထား။
ငါ စနိုဝီကို ရေသွားချိုးပေးပြီးတော့ အမဲလိုက်စရာ ရှာလိုက်ဦးမယ်။
ဟုတ်ကဲ့ သခင်။
ရေကူးမယ် ဟော့…။
ရေလေးက အေးနေတာပဲ။
ငါ ရေကူးတာ တော်လိုက်တာ။ ဒီသစ်တုံးကို တွယ်ထားပြီး တင်တင်ကို စောင့်လိုက်ဦးမယ်။
ဟော့… ငပျင်း လူအို တင်တင် ဘယ်ရောက်နေပါလိမ့်။
?
!
?
ဘုရားသခင်။ စနိုဝီကို မထိပါစေနဲ့။


ဒိုင်း
!
ဟာ… ငါ့ကျည်ဆန်က မိကျောင်းအကြေးခွံကို ထိပြီး ပြန်ကန်ထွက်သွားပါလား။
ဘယ်လိုတိုက်မိသွားပါလိမ့်။
ဟော… စနိုဝီ ထွက်ပြေးသွားပါလား။ ငါ့ကို သူ ကြောက်သွားပြီလား။
?
အချိန်ဖြုန်းလို့ မဖြစ်ဘူး။ ဒီကောင့်ကို အနီးကပ်ဖြုတ်မှ…။
ဟာ… ကျည်ကုန်ပြီ။



သူက ပါးစပ်ကို အဆုံးအထိ ဟထား
တော့ ဒီအခွင့်အရေးကို အသုံးချမှ။
?
ကဲ ပြီးပြီ။ စနိုဝီကို ရှာရမယ်။
သူ အရမ်းကြောက်ပြီး ပျောက်သွားတာ။
အို… စနိုဝီ နင် ဒီမှာပဲ။ ဘာလို့ နင် ထွက်ပြေးသွားတာလဲ။
မပြေးပါဘူး။
အကူအညီ
သွားရှာတာ။
ဟင် ဘယ်လိုဖြစ်တာလဲ။ ဒီနားမှာ ကားထားခဲ့တာ
သေချာပါတယ်။ အိပ်မက်မက်ယောင်နေတာ မဟုတ်ရင်
ပျောက်သွားပဲ။
အရမ်း
ထူးဆန်းပါလား။
ကိုကို…ကိုကို…
သူ ဘယ်ရောက်
သွားပါလိမ့်။
?
သခင် တင်တင်လား။
?
ဘူး ဟူး။ အဖြူသခင်လာပြီး
အမဲကောင်လေးကို ရိုက်ပါတယ်။ ကိုကို
ကြောက်ပြီး ပုန်းနေပါတယ်။ နောက်ပြီး
အဖြူသခင်က ဘူဘူး ကားကို
မောင်းပြီး ထွက်သွားပါတယ်။
ကြောက်တယ်
ဟုတ်လား။
ကိုကို ဒီကိုကြည့်
ငါတို့ရှိတယ်
မကြောက်နဲ့။
အဖြူကောင် ငါတို့ကားကို ခိုးသွားတာပေါ့။
ငါတို့ သူ့ နောက်လိုက်မယ်။
သူကားပျက်နေပါစေလို့ ဆုတောင်းရမယ်။
အဲဒါမှ သူ့ကို ငါတို့မိနိုင်မှာ။
ပူလိုက်တာ။
ဟိုမှာ ကားရပ်နေတယ်။
ငါတို့ ဂရုစိုက်ရမယ်။ ကိုကို ဒီမှာနေခဲ့။
ဒီလူကို
ငါ
မြင်ဖူးတယ်။
အသုံးမကျတဲ့ ကား။
ဆက်မောင်းလို့မရတော့ဘူး။
သူ့မှာ သေနတ်ရှိတယ်။
သတိထား။
ဒီကောင့်ခေါင်းကို နောက်ကနေ
အုန်းသီးနဲ့ ထုရမယ်။


ဟိုက်…
လွဲပြီ။
မှတ်မိပြီ၊ တိုက်စဖယ်ပေါ်က
သဘော်ခိုးစီးတဲ့ကောင်။
ငါတော့
သေပြီ။
မျောက်တွေ။ ငါ ပစ်တာကို
မြင်ပြီး လိုက်ပစ်ကြတာ။
သူ့ကို ကြိုးနဲ့ချည်ပြီးတော့
အနီးဆုံး ရဲစခန်းကို ပို့ရမယ်။
သဘော်ပေါ်မှာ
တုန်းကထက်
ပိန်သွားတယ်။
ငါ ညစာ သွားရှာနေတုန်း
တဲထိုးထားလိုက် ကိုကို။
ဟိုမှာ သမင်တစ်ကောင်။
ရှူး…တိုး တိုး၊
ငါတို့ရဲ့ဟင်းစားကြီး လာနေပြီ။
ဒိုင်း
?
ကောင်းသေး
ရဲ့လား


ဒိုင်း
???
သေနတ်ပစ်
ပြန်ကျင့်ဖို့ လိုနေပြီ။
ဒီကောင့်ကို ဘာလို့ မထိနိုင်တာပါလိမ့်။
ဒိုင်း
ဒီနေ့ရော ထိဦးမှာလား။
နောက်ဆုံးတော့ ထိပြီ။
တစ်ကောင်ကို ပစ်ဖို့ ဘယ်လိုလုပ်ပြီး
ကျည် ၁၅ တောင့်တောင် သုံးရပါလိမ့်။
!
ဘယ်လိုနေနေ ဒီနေ့တော့
အသား လတ်လတ်ဆတ်ဆတ် စားရပြီ။
မှဆိုးကျော်တွေကွ။
ကိုကို ငါတို့ကို
ဟင်းကောင်းကောင်း
ချက်ပေးမှာပါ။
ဘာကောင်လေးပါလိမ့်။
ဒီသမင်က
စားလို့
ကောင်းမှာပဲ။
ကယ်ပါ…ကူပါ…




သေတော့မှာပဲ ပစ်လို့လည်း မဖြစ်ဘူး။ စနိုဝီကို သွားထိနေလိမ့်မယ်။
ကယ်ကြပါ…
ကယ်ကြပါ
ငါ သူ့နောက်လိုက်ရင် သူ ပြေးမှာပဲ။ ငါသူ့ကို မီမှာ မဟုတ်ဘူး။
တင်တင်… ငါ့ကို မထားခဲ့နဲ့။
တခြားနည်းလမ်း စဉ်းစားမှ…။
ပထမဆုံး ပုံစံတူ မျောက်တစ်ကောင်လိုတယ်။
ကောင်းတယ်။ သူ့သားရေ ကောင်းသေးတယ်။ ငါ ပစ်တာ တော်သားပဲ။ ကဲ အစီအစဉ်စမယ်။
ဒီဝတ်စုံက ကွက်တိ တိုင်းချုပ်ထားသလောက်တော့ အဆင်မပြေဘူး။ ကိစ္စ မရှိပါဘူး။
ဒီလောက်ဆို သံသယဝင် မခံရဘဲ အနီးအထိ ကပ်သွားလို့ရပြီ။
ဒီကောင် ငါ့ကို မမြင်သေးဘူး။
မင်းဦးထုပ် ကြိုက်တယ်။ ဒီကောင်နဲ့ လဲမလား။
စနိုဝီ မကြောက်နဲ့ ငါက တင်တင်ကွ။
မဖြစ်နိုင်တာ။


ဒီတစ်ခါ ဘာလိုချင်တာလဲ။
ကရီး ဘရော ဘရော
(ဘာသာပြန်။ အဲဒီ သေနတ်လေး
မိုက်တယ်။ ဦးထုပ်နဲ့ လဲမယ်)
?
?
ဒီတစ်ခါတော့ မရတော့ဘူး။
ဘာဖြစ်ဖြစ်
အဲဒါလည်း ငါ့ဟာပဲ။
ဘရော
ဘရော
ဂါအာ…။
(ငါ့ကိုပေး။)
ရပ်စမ်း မျောက်အိုကြီး။ ငါ မင်းကို
သည်းခံမယ် ထင်လား။
အင်း
အခြေအနေ
ဆိုးတော့မှာပဲ။
!
နောက်တစ်ခါဆို ငါ စိတ်ဆိုးမှာ။
ငါတို့ ညစာနောက်ကျဖို့
နောက်တစ်မျိုး
ထပ်မဖြစ်လောက်တော့ပါဘူး။
ငါ
ဆာလှပြီ။
ဟဲလို ကိုကို။
အခြေအနေ မကောင်းဘူး။
မျောက်က စကားပြောတယ်။
ဒီကောင် တင်တင်ကို စားလိုက်ပြီထင်တယ်။
မျောက်ကိုများ
ကြောက်နေသေးတယ်။
ငါ တင်တင်လေ။
ဒီသမင်ကို ကောင်းကောင်းချက်ကွာ။
ညစာစားရအောင်။
ဟင်
မျောက်မဟုတ်ဘူး။
သခင်တင်တင်ပဲ။
အကျဉ်းသားရော၊ ရှိသေးလား။
အကျဉ်းသား ရှိပါတယ် သခင်၊
ကြိုးချည်ထားပါတယ်။


နောက်တစ်ရက် မနက်…။
သခင်… သခင် အကျဉ်းသား ထွက်ပြေးသွားပြီ။
ကိစ္စမရှိဘူး။ ပေးသွားလိုက်ပါ။ ငါတို့ ခရီးဆက်ထွက်မယ်။
ဟဲလို… မီးရထား သံလမ်း။
စိတ်လေတယ်။ ဘီးတွေချော်ပြီး ဆက်သွားလို့မရပါလား။
ကယ်ကြပါဦး…။
ငါတို့ကို ရထား တက်ကြိတ်တော့မယ်။


နင် လူဖြူကို ဒုက္ခပေးလိုက်ပြီ။
ကျွန်တော် တောင်းပန်ပါတယ်။
လူမည်းလေးကိုကြည့် ကောင်လေး သနားပါတယ်။
တိတ်တိတ်နေ။ ငါတို့ မင်းတို့ရဲ့ အင်ဂျင်ပျက်လေးကို ပြင်ပေးမယ်။
အင်ဂျင်ပျက်လေး၊ ဟုတ်လား။
လာ... သွားပြင်မယ်။
ငါ ငါ မောနေ။
မင်း မရှက်ဘူးလား။ ခွေးက အလုပ်လုပ်နေပြီ။
လာစမ်းပါ၊ လူပျင်းတွေရဲ့။ လုပ်ရအောင်။
ဟင်... မင်းမလုပ်ဘူးလား။
ကျွန်တော် ညစ်ပတ်ကုန်မှာ...။
တော်လိုက်တဲ့ လူဖြူ။
ရထားပေါ် တက်ကြ။
သခင်။ အင်ဂျင် သူ မလည်။ သူ ပျက်နေ။
စိတ်မပူနဲ့ ငါ လုပ်ပေးမယ်။



ပထမဆုံး လမ်းကို ရှင်းမယ်။
အမည်းတွေ
စိတ်မတိုတော့။
ကိုကို ပြန်လာ။
ကဲ သွားကြစို့။
ရုံပိုင်ကြီး
ရုံပိုင်ကြီးခွင့်ပြုချက်
မရဘဲ စည်းကျော်ပြီး
မသွားရ။
?
မင်း… မသွား။ မင်း ငါ လိုက် အိမ် တူတူ။
ငါ ဘာဘာအိုရှိ အမ်။
ကျွန်တော် ခင်ဗျား
ကျေးဇူးတင်။
ဆို ဘာ ဘာအိုရှိ
အမ်ရဲ့ကြင်နာမှု။
ကြိုဆိုပါတယ်၊
မြင့်မြတ်တဲ့ လူစိမ်း။
သင်က 'BOULA MATARI'ပဲ။
သင်တကယ်အစွမ်းရှိတဲ့ လူဖြူလူကောင်းပါပဲ။
သင် ဒီမှာနေစေ။ မနက်ဖြန်ကျ မြင့်မြတ်တဲ့
ခြင်္သေ့ကို ဘာ ဘာအိုရှိ အမ်တို့နဲ့အတူ
သင် အမဲလိုက်ရမယ်။
သင့်မြတ်လှကြောင်းပါ
ဘုရင်ကြီး။
နောက်တစ်ရက် မနက်။


ဝေါင်း ဝေါင်း ဝေါင်း
အဲ… အဲဒါ ခြင်္သေ့အသံလား။
ဝေါင်း……….
ရှူး စနိုဝီ။ အသံမထွက်နဲ့။ ခြင်္သေ့က ဒီနားလေးပဲ ရှိတယ်။
!
အမလေးဗျ။ ကယ်ကြပါဦး။
ဘုရားရေ။ ခြင်္သေ့ကြီးက တင်တင်ကို ချီသွားပြီ။ သူစားပစ်တော့မလား မသိဘူး။
မဖြစ်ဘူး။ စနိုဝီ ဒီလို အဖြစ်ခံလို့ မဖြစ်ဘူး။ တင်တင်ကို ဒီတိရစ္ဆာန်ဆိုးကြီး လက်က ကယ်မှရမယ်။ ကဲ တိုက်ပွဲဝင်မယ်ဟေ့။
ဝေါင်း……….
သေချာ ကိုက်ထားမှ…။


ဝေါင်း.............
ငါ ဘယ်မှာလဲ။
စနိုဝီ... မင်း ဘာဖြစ်သွားပြီလဲ။
စနိုဝီ ဘယ်လိုများ လုပ်လိုက်တာလဲ။ မင်း အရမ်းသတ္တိရှိတာပဲ။ မင်းမရှိရင် ငါတော့ အစားခံရပြီ။
အစားခံရပြီ? စားခံရပြီ? ခြသေ့်က မင်းကို ဘယ်လိုစားနိုင်မှာလဲ။
ကျန်တဲ့သူတွေကို ပြန်လိုက်ရှာရအောင်။
အင်း... ခြသေ့်ကိုလည်း ကြည့်ဦး။
ဟိန်းသံက ပိုပို ကျယ်လာတယ်ကွ။
ဝေါင်း.............
အဖြူသခင်။ မြန်မြန်။ ခြသေ့်ကြီး သောင်းကြမ်းနေပြီ။ အမြီးလည်း မရှိတော့ဘူး။
စိတ်ချ။ ငါတို့ လာပြီ။
!?
မင်း ဘယ်တော့မှ ခြသေ့်ဆိုး ထပ်မဖြစ်နိုင်တော့ဘူး။


ဘာလို့လဲဆိုတော့ မင်း အရင်လိုထပ်လုပ်ရင် မင်းရဲ့ကျန်တဲ့အမြီးကို ငါ ထပ်ဖျက်ဖို့ဝန်မလေးဘူး။
?
ငါတို့ သူ့ကိုယဉ်အောင် လုပ်လိုက်နိုင်ပြီလား။
အဖြူငချွတ်၊ ဒီကောင် ဒီမှာ စွမ်းအားကြီးလာပြီ။ နောက်ကျရင် ငါ ဂျူဂျူး လူသားရဲ့နေရာကို လုတော့မယ်။ သူ့ကို ဖယ်ရှား ပစ်ရမယ်။
ဂျူဂျူး လူသား။ စိတ်မပူနဲ့။ ဒီအဖြူကောင်ကို ရှင်းပစ်ဖို့ ငါမှာ အကြံရှိတယ်။ သူက ငါ့ရဲ့ အကြီးဆုံးရန်သူပဲ။
လာ… ငါ့အကြံပြောပြမယ်။
နောက်တစ်ရက် မနက်…။
ဂျူဂျူးလူသား။ ဒုက္ခအကြီးအကျယ်ရောက်ပြီ။ အထွတ်အမြတ် နတ်ဝင်ရုပ်တု ပျောက်သွားပြီ။
!
နတ်မင်းကြီးတွေ ငါ့ကိုပြောတယ်။ မင်း နတ်ရုပ်တုကို ခိုးတာ။
ငါ…
ဟာ မဟုတ်တာ။ ငါ့ကို ကြိုက်သလိုရှာ။ ငါ့တဲကိုလည်း သွားရှာချေ။
ရူးနေလား မသိဘူး။
မင်း နတ်ရုပ်တုသူခိုး။
ကဲ ကျုပ်ရဲ့ တဲကို ရှာစမ်းပါ။ စွပ်စွဲနေတာ အမှားတွေမှန်း မင်း သိသွားလိမ့်မယ်။


ကြောက်စရာကောင်ပဲ။ ဘာသာရေးကို စော်ကားတဲ့ကောင်။ ဒီလူဖြူ နတ်ဝင်ရုပ်တုခေါင်းကို ပုဆိန်နဲ့ ပေါက်ထားတယ်။ ငါတို့ဆီကို ကံဆိုးမှုတွေ ရောက်လာ တော့မယ်။
ကောင်းရော။ အရင်လိုပဲ ဗရုတ်သုတ်ခ ဖြစ်ပြန်ပဟ။
နက်ဖြန်မနက် နေထွက်တာနဲ့ မင်းကို ဘာ ဘာအိုရီ အမ်တွေက သေစွာပို့ပြီပဲ။
ကောက်ကျစ်တဲ့ လူတွေ။ ဘယ်လိုလုပ်ပြီး အဲဒီ အရေးမပါတဲ့ နတ်ရုပ်က ငါ့ပစ္စည်းတွေကြားထဲ ရောက်နေတာလဲ။ ရှင်းလို့ကို ရတော့မှာ မဟုတ်ဘူး။
ညရောက်သောအခါ
ကယ်တင် ခံရပြီကွ။ ငါ့ကောင် ကိုကိုလာကယ်ပြီ။ မြန်မြန်လာ။
သိပ်မကြာတာ ကံကောင်းတယ်ကွ။ တစ်ရွာလုံး အိပ်ကုန်ကြပြီ။ ဟာ မဟုတ်ဘူး ဟိုမှာ တဲတစ်လုံးမီးလင်းနေသေးတယ်။
ဟားဟား။ ဒီလူလည် ငဖြူကောင်နဲ့ သူ့ခြိမ်းခြောက်မှုကို ဖယ်ရှားလိုက်နိုင်ပြီ။ နတ်ရုပ်ထုနဲ့ အကြံအဖန်လုပ်လိုက်တာ မကောင်းဘူးလား။
?
ဩော်… ဒီနတ်ဆရာနဲ့ ငါ့ကားကို ခိုးတဲ့သူခိုးနဲ့ပေါင်းပြီး လုပ်ကြတာကိုး။ ကောင်းပြီလေ။ မင်းတို့အတွက် အံ့အားသင့်စရာလေးတွေလည်း ငါ လုပ်ပေးရဦးမယ်။ ကဲ တဲဆီပြန်စို့။
မြန်မြန်သွားမှ။ ဒါမှ သူတို့ရဲ့ စိတ်ဝင်စားစရာ ကောင်းတဲ့ စကားဝိုင်း မပြီးသေးမှာ။
သူတို့ကို ရုပ်ရှင် ရိုက်နေတုန်း ဓာတ်ပြားစက်က အသံဖမ်းထားလိမ့်မယ်။
နောက်ပြီး ငါ ဘာ ဘာအိုရီ အမ် နတ်ဆရာ။ ဒီငတုံးအေ ငွေတွေကို ငါ့လက်အောက်မှာ ဆက်ထားရမယ်။
အရုဏ်တက်ချိန်
ကျိန်စာသင့်ပြီ။ ကျိန်စာသင့်ပြီ။ အကျဉ်းသား လွတ်သွားပြီ။


နောက်တစ်ရက် မနက်
အကျဉ်းသား ဟိုမှာ ဟိုမှာ။ ဒီအဖြူကောင်ကို သတ်။
အေးဆေး… အေးဆေး နတ်ဆရာရေ။
ပစ်မှတ်ကို ကွက်တိပဲဟ။
မင်းတို့ ရှေ့တိုးရဲ တိုးလာကြည့်။ လာလေ ငါ စောင့်နေတယ်။
အေး လာခဲ့ကြလေ။
အခု မင်းတို့ တိတ်တိတ်နေကြ။ မင်းတို့ရဲ့ဂျူဂျူးလူသားက မင်းတို့ကို ပြောစရာရှိတယ်။
သေချာနားထောင်ပါ။ စ,တော့မယ်။
နောက်ပြီး ငါ ဘာ ဘာအိုရီ အမ် နတ်ဆရာ။ ဒီငတုံးငအ ငဒူတွေကို ငါ့လက်အောက်မှာ ဆက်ထားရမယ်။
ဂျူဂျူးလူသားက ဒီထဲမှာလား။
ဒီထဲမှာလားဟ။
ဟား ဟား သူတို့ရဲ့ နတ်ရုပ်က အုန်းသီး တစ်လုံးလောက်တောင် တန်ဖိုးမရှိပါဘူး။
ကဲ ခုတော့ ဒီတဲအိမ်ထဲ ဝင်ပါဦး။ ငါမင်းတို့ကို ပိုပြီး စိတ်ဝင်စားစရာလေးပြမယ်။
ဝင်ကြေး အခမဲ့
?




Judement of Solomon = ဆောလမွန်တရားစီရင်နည်း။


နင့်ယောက်ျား ဘာဖြစ်တာလဲ။
သူ ဖျားနေတယ်။ ဘူး ဟူး။ သူ သေတော့မယ်။ သူ ငါတို့ဆီမှာ မနေတော့ဘူး။ မကောင်းတဲ့ ဂျူဂျူး သူ့ဆီဝင်နေပြီ။
အို… ငါကြည့်ပါရစေဦး။ ဒါစိုးရိမ်စရာ မဟုတ်ပါဘူး။ နည်းနည်းလေး ဖျားတာပါ။ ကွီနိုင်းလေးနည်းနည်း သောက်လိုက် ခဏနေ ပျောက်သွားလိမ့်မယ်။
ကဲ ကောင်းသွားပြီ မဟုတ်လား။
?
ငါ မဖျားတော့ဘူး။ အမဲလိုက်သွားဦးမယ်။
အဖြူသခင် သိပ်ကောင်းတယ်။ သခင်ကြီး။ သူ ငါ့ယောက်ျားကို ဆေးကုပေးတယ်။ သူက Boula Matari ပဲ။
ငါတို့က ထိပ်ဆုံးမှာပဲ။
ထိုအချိန်တွင်
ငါ့မှာ တခြားအကြံတစ်ခု ရှိသေးတယ်။ ပထမတစ်ပွဲမှာ ငါတို့ရှုံးပေမဲ့ နောက်တစ်ပွဲ ထပ်စမ်းရမယ်။
ဘာလုပ်မယ်။ ငါတောင် ဂျူဂျူးလူ မဟုတ်တော့ဘူး။
ဒီမှာ နတ်ဆရာ။ ငါပြောတာ နားထောင်။ ငါတို့လုပ်ရမှာက ××× နားလည်လား။
အင်း နားလည်တယ်။
နောက်တစ်ရက်
အဲဒီလူက ဘာ ဘာအိုရှိ အမ်တွေရဲ့ ရန်သူ အမ် ဟာတာဗူး လူမျိုးစုရဲ့ ခေါင်းဆောင်ဆိုတာ သေချာတယ်နော်။
ဟုတ်တယ် သူပဲ။
ပစ်တော့။
!
အမ် ဟာတာဗူးတွေက ကြက်ခေါင်းတွေပဲ။ ဘာ ဘာအိုရှိအမ်တို့မှ သင်တို့အား စစ်ကြေညာသည်။ ကြီးမြတ်သော လူဖြူခေါင်းဆောင်ကြီးမှ ဦးဆောင်ပြီး အောင်မြင်မှုကို ရယူမည်။
အို ဟိုး! ငါတို့ကိုများ ကြက်ခေါင်းတဲ့။ သေမယ်။ ဘာ ဘာအိုရှိ အမ်တွေရော မင်းတို့ခေါင်းဆောင်ကိုရော သတ်ပစ်မယ်။ ငါအမိန့်ပေး စစ်ဗိုလ်ချုပ်ကြီး စစ်ကြောင်း ပြင်ဆင်။



Ostrogoth = အရှေ့ပိုင်းမှ Goths အနွယ်ဝင်များ။


ဒုက္ခပဲ။ ငါ့အမြောက်ကြီး ပျက်သွားပြီ။ ငါ့ဘိုးဘွားတွေနဲ့ ငါကိုယ်တိုင် သူ့ကို သတ်မယ်။
အဖြူနုတ်ဆိုး သေချင်းဆိုးနဲ့ သေစမ်း။ မင်း ငါ့လှံကနေ မင်းမလွတ်ပါဘူးကွာ။
ဟာ… နောက် လှံတစ်ချောင်း သစ်ပင်မှာ သွားစိုက်ပြန်ပြီ။
တင်တင် ဘာလို့ အဲဒီ လေးမြားလှံတွေက မင်းကို အပေါက် မဖောက်သွားပဲ သစ်ပင်မှာချည်း သွားစိုက်နေတာလဲ။
မင်းတို့ ဘာ ဘာအိုရှိ အမ်တွေနဲ့ ငြိမ်းချမ်းရေးယူမလား။ ငါ့ဒေါသကို သိသွားချင်လား။
သခင်ဟာ ဂျူဂျူးလူသားကြီး ပါ။ လူတွေကို ကူသသူပါ။ စွမ်းအားကြီးသူပါ။ အမ် ဟာတာဗူးရဲ့ ခေါင်းဆောင် လုပ်ပေးပါ။
သံလိုက်အကြီးကြီးကို ယူသွားဖို့ အကြံရလိုက်တာ သိပ်ကောင်းတယ်။ သံလိုက်ကြီးကိုသစ်ပင်နောက်မှာ ထားလိုက်တာ သံထိပ်ဖူး ပါတဲ့ မြားတွေ လှံတွေ ငါကို မထိဘဲ သစ်ပင်မှာပဲ သွားစိုက်တော့တာပဲ။
အမ် ဟာတာဗူးဟာ ရဲရင့်ပါတယ်ကွာ××× လူဖြူသခင်ကြီးဟာ လေးမြား ပြီးတယ်ဗျာ××× သူဟာ ဘုရင်ကြီးပါ
ကျိန်စာသင့်ပြီ။
ဒီညနေ အမဲလိုက်ကြမယ် စနိုဝီ။
ဘာရယ်… ခြသေ့်လိုက်ဦးမှာလား။ ယုန်လိုက်ရအောင်ပါ။
နီး နီး စနိုဝီ။ ဒီညကျ ငါတို့ကျားသစ်လိုက်မှာကွ။
မဆိုးဘူး။ စိတ်ဝင်စားစရာပဲ။
ဒီလောက်ဆို အဆင်ပြေပြီ။
ဆေးဆရာ။ သတင်းကောင်းပါတယ်။ မင်းရဲ့အဖြူကောင်က ဒီညကျရင် ကျားသစ်ကို တစ်ယောက်တည်း လိုက်မလို့တဲ့။
?
ကျားသစ်လိုက်မယ် ဟုတ်လား။ ဒီကောင် ကိုယ့်သေတွင်း ကိုယ်တူးတာပဲ။
ငါပြောပြမယ်။ လူဖြူတွေ အုပ်ချုပ်မှုကို နိဂုံးချုပ်ဖို့ ဖွဲ့ထားတဲ့ အာနိအိုတာ ဆိုတဲ့ လျှို့ဝှက်အဖွဲ့ရှိတယ်။ အာနိအိုတာတွေက လူဖြူတွေကို ကူညီတဲ့ လူမည်းခေါင်းဆောင်တွေကို သတ်တယ်။ အာနိအိုတာတွေက ကျားသစ်သားရေနဲ့တူတဲ့ ဝတ်စုံတွေကို ဝတ်တယ်။ သူတို့ရဲ့ စစ်သည်တွေက ကျားသစ်လက်သည်းနဲ့တူတဲ့ သံမဏိလက်သည်းတွေကိုဝတ်တယ်။ ခြသေ့်လက်ဖဝါးနဲ့တူအောင် ထွင်းထားတဲ့ဟာတွေကို ထိပ်မှာတပ်ထားတဲ့ တုတ်ချောင်းတွေကို ကိုင်တယ်။ သားကောင်ကို သတ်ဖို့ သူတို့ဟာ တွားတွားပြီး ချဉ်းကပ်လာပြီး အိပ်နေတဲ့လူရဲ့ လည်ပင်းကို ဆွဲဖြဲလိုက်တယ်။ ပြီးတော့ ထွက်ပြေးတော့တာပဲ။ ဒါပေမဲ့ သူတို့က အရင်ဆုံးတော့ မြေကြီးပေါ်မှာ သူတို့ကိုင်တဲ့ တုတ်နဲ့ ကျားသစ်ခြေရာတွေ လုပ်ခဲ့သေးတာ။ ငါ့ဆီမှာ အာနိအိုတာ ဝတ်စုံရှိတယ်။




မင်းတွေ့ပြီလား။
ဒီည ငါတို့ အမဲလိုက်ပြီး လူသတ်မယ်။
ဝတ်စုံက ကြောက်စရာကြီး။
ညရောက်သော…။
ဒီည အမဲလိုက်လို့ ကောင်းမှာပဲ။
ကျားသစ်က သိပ်အန္တရာယ်တော့ မများလောက်ပါဘူး။ ကြောင် အကြီးစားပဲကိုး။
ကျားသစ်က ဒီနေရာကို ညတိုင်းလာတယ်တဲ့။
ဒီနေ့ရော သူ လာဦးမှာလား။
စိတ်ရှည်ပါ စနိုဝီရဲ့။
ဝါး… အိပ်ချင်လိုက်တာ။
ကူပါဦး…ကယ်ပါဦး…
?
ကူပါဦး…ကယ်ပါဦး…
စပါးကြီးမြွေကြီး ဒေသခံတစ်ယောက်ကို ညစ်သတ်နေပြီကွ။ သူ့ကို ကယ်မှဖြစ်မယ်။
ဒိုင်း!
ဒါဘယ်သူလဲ။ ဘယ်လိုအူကြောင်ကြောင် ဝတ်စုံကြီး ဝတ်ထားတာလဲ။
ဘာ ဘာအိုရှိ အမ်က နတ်ဆေးဆရာပါလား။
မသတ်ပါနဲ့။ မသတ်ပါနဲ့။
တင်တင် ငါ မြွေကို ဘယ်လိုလုပ်နေလဲ ကြည့်ဦး။


မင်းကို သတ်ဖို့ ငါ စောင့်။ မြွေ ငါ့ကို ညစ်သတ်။ မင်း မကယ် ငါ သေ။ ခု ငါ မင်း ကျွန်။ အိုး… မြင့်မြတ်သော လူဖြူ။
ငါ သိပြီ။
သစ်တောထိပ်က ဘောအိုဘာ သစ်ပင်အောက်မှာ စောင့်နေတယ်။
မင်းရဲ့ ကြီးရာပါ ကောင်ရော ဘယ်မှာလဲ။
ဒီလူဆိုးကြမ်းပိုးကို ငါတို့ရှင်းလိုက်မယ်။
ဒီကောင် အံ့သြသွားအောင်လုပ်ပြီး ဖမ်းလိုက်မယ်။ တရားဥပဒေအရ အရေးယူမယ်။ စပါးကြီးမြွေတွေ ရှိတယ်။ သတိထား။
လက်မြှောက်
ထူးဆန်းတယ်။ စိတ်တောင် မသန့်တော့ဘူး။ ဒီကောင် ဒီမှာ မရှိပါလား။ ငါပဲနေရာမှားတာလား ဆေးဆရာပဲ ငါ့ကို လိမ်တာလား။
ငါတို့ဘာလုပ်ကြမလဲ။ စောင့်မလား။ ဘာကိုစောင့်ရမှာလဲ။
စိတ်ထဲမှာ အန္တရာယ် ဖြစ်တော့မယ် ထင်နေတယ်နော်။
ဒီနားလာ ခွေးလေးရေ ဒီနားလာ…။
တင်တင် ဘာဖြစ်တာလဲ။ မင်းဘာလို့ လဲနေတာလဲ။
ကဲ နောက်တစ်ကောင်။
ပထမဆုံး ဒီကောင့်ကို ကြိုးချည်ရမယ်။ နောက်တစ်ကောင်ကို နောက်မှ…။
ကဲ… ဒီကောင့်ကို ချည်ပြီးပြီ။ လက်စားချေမယ်။
ဒီခွေးကို ဘယ်အကောင်မှ စားမသွားသေးရင်တော့ နောက်တစ်ခါ ခွေးကိုသယ်သွားရမှာပေါ့။



ဒီလူမိုက်ကို ဒီမြစ်ကမ်းနားမှာ ပစ်ချလိုက်မယ်။
ဟိုမှာကြည့်… ရက်စက်တဲ့ မိကျောင်းတွေ တွေ့လား။ မင်းကို မြစ်ပေါ်မှာ သစ်ပင်ပေါ်က တွဲလောင်းချပြီး ချည်ထားခဲ့မယ်။
?
တစ်နာရီအတွင်းမှာ ဒီရေတတ်လာပြီး မိကျောင်းတွေ မင်းဆီ တဖြည်းဖြည်း ရောက်လာလိမ့်မယ်။ ဒါဆို ဒီပျော်စရာ အစီအစဉ်လေး ပြီးပြီပေါ့။
ဒီလိုလုပ်ရတာ မင်း သိပ်ကျေနပ်နေတယ်ပေါ့လေ။
ဒီတစ်ခါ တကယ်ပြီးပြီလား။ ဒီမိကျောင်းစုတ်တွေ စားတာနဲ့ ငါ သေရတော့မလား။
ရေတကယ်တက်လာပြီဟ။ ကဲ… မောင်တင်တင်ရဲ့ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာအချိန်ရောက်ပါပြီ။
?
ဒိုင်း
ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း
ကောင်းလိုက်လေခြင်း။ ငါ အချိန်ကွက်တိကို ရောက်လာတာပဲ ငါ့သား။



မလွဲဘူးဆို မင်း တင်တင်ပဲ။ ဒီမှာ ဘာလုပ်နေတာလဲ။
ခဏနေရှင်းပြမယ် ဖာသာ။ ခုတော့ ကျွန်တော့်ကို လွှတ်ပေးဦး။
ဒါ တင်တင်ပဲ။
မြန်မြန်။ ဖာသာ။ သေနတ်ခဏပေး။ ကျွန်တော် နောက်တစ်ယောက်ကို ကယ်ရဦးမယ်။
စနိုဝီကို အသက်ရှင်လျက် ပြန်တွေ့ပါစေ။
ဒီလူဆိုး။ ခိုးကြောင်ခိုးဝှက် ငါတို့ကို ဆော်သွားပြီးတော့ အခု သားရဲတိရစ္ဆာန်တွေ ကြားမှာ ငါ့ကို ထားခဲ့တယ်။
အမလေး ကယ်ပါဦး။ စပါးကြီးမြွေကြီး။
ဝုတ် ဝုတ်
ဝုတ် ဝုတ်
အားတင်းထား စနိုဝီ။ ငါလာပြီ။
ဘုရားရေ…အရမ်းကို နောက်ကျသွားပြီ။
သနားစရာ စနိုဝီလေး။
တစ်မျိုးကြီး ဖြစ်နေပါလား။ အစာကြေအောင် ဆော်ဒါလေး သောက်ဖို့လိုပြီ။
?
ဖပ်!
ငါ အိပ်မက်မက်နေတာ မဟုတ်ရင် ဒါက စနိုဝီရဲ့ ခြေထောက်တွေပဲ။
?
ထူးဆန်းလှချည်လား။ ငါ့မှာ ခြေထောက်တွေပါတာ ခုမှတွေ့ဖူးတယ်။



သူ အသက်ရှိသေးတယ်ဟ။
!
ရပ် စနိုဝီ ရပ်
ငါပါကွ… တင်တင်ပါ။
ငါ့သူငယ်ချင်းလေး။ ငါက မင်း ကြေမွပြီး
ပျော့ဖတ်ဖြစ်သွားတာ ကြာလှပြီထင်နေတာ။
ဟေး ဟာသတွေ လာမလုပ်နဲ့.
သူငယ်ချင်း။
ဘာလုပ်တာလဲ
တင်တင်။
အရသာ ရှိရှိစားနော်။
သာသနာပြု ဖာသာကြီးကို
သွားရှာကြစို့။
?
ယူ အေတေး ယူ အေတေး ယူ အေတေး
မာ လီ ဘာ မာ ကာ စီ


ဒီမှာ သာသနာပြု စခန်း ပေါ့။
ဆေးရုံ စိုက်ပျိုးရေး ကျောင်း။
ဒါက ကျောင်းခန်း၊ ပြီးတော့ ဒီမှာ… ဒီအလယ်မှာက ဘုရားရှိခိုးတဲ့နေရာ။ အရင် တစ်နှစ် ငါတို့ ဒီကိုစ၊ ရောက်တုန်းက ဒီနေရာမှာ ချုံတွေချည်းပဲ။
သာသနာပြုတွေက ထိပ်တန်းပဲ။
ပါပါ။ ပါပါ စတေဘက်စတီးရမ်း နေမကောင်း။ သူ ကျွန်တော်တို့ကို ပထဝီ သင် ပေးဖို့ မသိ။
စိတ်ပျက်စရာပဲ။ ငါက ဆေးရုံကို သွားကြည့်ရမယ်။ ကျန်တဲ့ ဖာသာတွေကလည်း မအားဘူး။ ဘယ် လိုလုပ်ရပါ့။
ဒီမှာ ဖာသာ။ ဖာသာ အဆင်ပြေမယ်ဆိုရင် ကျွန်တော် သင်ပေး လိုက်ပါမယ်။
တကယ်လား။ အဆင်ပြေတာ ပေါ့ကွာ။
ဆရာကြီး တင်တင်။
သူ ပတီဗန့်တီးယမ်းက သတင်းထောက်။
သူ သခင် တင်တင်။
ဒါက မင်းအတန်းပဲ။
သူတို့ကြည့်ရတာ ခင်ဖို့ကောင်းမယ့်ပုံ။
ကဲ သူငယ်ချင်းတို့ ဒီနေ့ သူက မင်းတို့ကို ဟိုအဝေးတစ်နေရာက ဘယ်ဂျီယမ်နိုင်ငံအကြောင်း ပြောပြလိမ့်မယ်။
ဟိုနှစ်ယောက် စကားပြောနေတယ်။
2 + 2
သူငယ်ချင်းများ ဒီနေ့ ကျွန်တော် ပြောပြမယ့် အကြောင်းကတော့ ကျွန်တော့်နိုင်ငံ ဘယ်ဂျီယမ်အကြောင်းပါ။
ဘယ်ဂျီယမ်ဆိုတာ… ကျားသစ်တစ်ကောင်။
!


?
အကြံရပြီ။ အမြန်။ ရေမြုပ်ကို ယူ။
ကဲ လာလေ့
ဘာများလုပ်မလို့လဲ တင်တင်
အို… ဘုရားရေ မျိုချရ ခက်လိုက်တာ။
သူ အစားဝဖို့အတွက် ရေတိုက်လိုက်။
ဟာ ရေတွေ… ဒါသောက်လိုက်ရင် နင်တာပျောက်သွားမယ်။
ကောင်းလိုက်တာ။ အားကိုပြည့်သွားတာပဲ။
ဘာဖြစ်တာလဲ။ ငါဗိုက်ကြီး ဖောင်းကားလာပါလား။
ငါသိပြီ ရေက ရေမြုပ်ကို ပွလာစေတာ။ သနားစရာ တိရစ္ဆာန်ရိုင်းကြီး ဗိုက်နာနေပြီ။
ကဲ ခုတော့ ဖိတ်ကြားမထားတဲ့ ဧည့်သည်ကို ဆော်မယ်။
သွားစမ်း တိရစ္ဆာန်ဆိုးကြီး။
ဒါပဲ။ ကဲ ဘယ်ဂျီယမ်အကြောင်း ဆက်ကြမယ်။ ဘယ်ဂျီယမ်ဟာ…။
သူ လုပ်ကြည့် ပါစေဦး။



လူဆိုး။ မင်းငါ့ရဲ့ ကျားသစ်လိမ္မာလေးကို နေမကောင်းဖြစ်အောင် လုပ်လိုက်တယ်။ ငါ့ရဲ့ယဉ်ကျေးသိမ်မွေ့ ရန်မပြုတတ်တဲ့ ကျားသစ်လေး၊ ငါ့လက်ဖဝါးပေါ်က အစာ တောင်စားတတ်တဲ့ ကျားသစ်လေး။ အခု ငိုကြွေးညည်းတွားနေပြီ။ မင်း ဒီအတွက် ပေးဆပ်ရမယ်။ မင်းငါ့ကို ဖြေစမ်း။ ငါက ဂျင်မီ မတ် ဒက်၊ ကြီးကျယ်မြင့်မြတ်တဲ့ အမေရိကန်က ဆပ်ကပ်အဖွဲ့ မန်နေဂျာကွ။
?
စိတ်လျှော့ စိတ်လျှော့ပါဦးဗျ။ ခင်ဗျားရဲ့ ကျားသစ်လို့ ကျွန်တော်က ဘယ်လိုလုပ်သိပါ့မလဲ။
နောက်ပြီး သိပ်စိတ်ပူမနေစမ်းပါနဲ့။ သူ သိပ်မကြာခင်ပြန်ကောင်းသွားမှာပါ။ ခဏလောက် သူ့ကို အငတ်ထားလိုက် အထူးသဖြင့် ဘာအရည်မှ မတိုက်နဲ့။ ရက်နည်းနည်းနေရင် သူ ပြန်ကောင်းသွားလိမ့်မယ်။
?
ကဲ တတိယအကြိမ် ပြန်စမယ်။ ဘယ်ဂျီယမ်ဟာ ဆိုရင်…။
2 + 2
ဟော့ သူငယ်လေး ကလေးတွေကို ကြည့်ထားပေးတာ ကျေးဇူးပဲကွာ။ ခုတော့ နေ့လယ်စာ စားကြရအောင်ဟော့။
နောက်ပြီး နက်ဖြန်ကြရင် ဆင်ဖမ်းထွက်ကြရအောင်။ အရမ်း စိတ်လှုပ်ရှားစရာ အတွေ့အကြုံရလိမ့်မယ်ကွ။
နောက်တစ်ရက်…။
ကဲ ဒီနေရာမှာ မင်းကို ထားခဲ့မယ်။ ခြေရာခံပြီး ဆင်နောက်လိုက်ပေ တော့။
သူ ဒီလမ်းက သွားတာ။ သိပ်မဝေး လောက်သေးဘူး။ ခြေရာတွေက လတ်လတ်ဆတ်ဆတ်ရှိသေးတယ်။ ငါတို့ သတိထားမှ…။
ဒီနားမှာ တော်တော် နံတယ်။
ရှူး အသံမထွက်နဲ့။ ဆင် ဒီမှာရှိတယ်။
ဒိုင်း
သွေးထွက်သံယိုတွေ မကြည့်ရဲဘူး။
ကျိန်စာသင့်ပြီ။ သူဒဏ်ရာရသွားပြီ။


ကယ်ကြပါဦး...
သွားပြီ။ ဆင်ကြီးက သစ်ပင်ကို အမြစ်က ဆွဲနုတ်လိုက်ရင်တော့ ငါတော့ကြွပြီ။


သူ ငါ့နားက ခွာတော့မယ့် ပုံမပေါက်ဘူး။
ဒီနားမှာတင် စောင့်နေမှာ။ သူ့ကို
သွားအောင် ဘယ်လိုလုပ်ရမလဲ။
ဘယ်လို လှည့်ကွက်သုံးရမလဲ။
ငါ့အိတ်ထဲမှာ ဘာပါ ပါလိမ့်။ မှန်ဘီလူးကွ။
အဟား… အကြံရပြီ။
မိုက်လိုက်တဲ့ အကြံ။
?


ဒိုင်း!
သေချာပေါက် ဒဏ်ရာရသွားပြီ။ သူသွားတဲ့ လမ်းကြောင်းမှာ သွေးတွေ အများကြီးပဲ။
တစ်ရက်လုံး လိုက်တာတောင် မမိသေးပါလား။
ဘယ်လို လုပ်ရတော့မလဲ။ မိုးလည်း ချုပ်ပြီ။ သာသနာပြုစခန်းကိုလည်း ပြန်ဖို့လမ်းလည်း မသိတော့ဘူး။ တစ်ညလုံး ဒီမှာပဲနေရတော့မယ်။
တစ်ညလုံး ဒီမှာနေမယ် ဟုတ်လား။ ဒီလောက် တိရစ္ဆာန်ရိုင်းတွေ ပေါတဲ့နေရာမှာ။
ခလော...
ခလုံး...
?
?
ဒိုင်း!
?
ဘုရားရေ... ဒီမျောက် ဘာလုပ်လိုက်တာလဲ။
ဝူး....!
ဘာသံလဲ။ အကောင်တစ်ကောင်ကောင် ဒဏ်ရာရသွားပုံပဲ။


ငါ့ဆင်ကြီးပဲ။ သေပဟ။
နာရီအနည်းငယ်ခန့် ကြာသော…
သူတို့ကို ငါ ဆင်ကြီးကို ဘယ်လိုသတ်လိုက်လဲ ဆိုတာ ပြောပြမယ်။
ထိုအချိန် သာသနာပြုစခန်းတွင်…
တင်တင် မိကျောင်းတွေ လက်ထဲကလွတ်သွားတယ်။ ဒီလိုရှပ်ဖျက်ထားရင်တော့ ဒီကောင် ငါ့လက်က လွတ်မထွက်တော့ဘူးလို့ ငါကတိပေးတယ်။
မင်္ဂလာပါ သူငယ်ချင်း။ တွေ့ရတာ ဝမ်းသာပါတယ်။ ငါတို့ မင်းကို စိုးရိမ်နေတာ။
နောက်ဘုန်းကြီး တစ်ပါးလား။
သာသနာပြုစခန်းကို သွားတဲ့ဖြတ်လမ်းကို ကျွန်တော်ပြပေးပါမယ်။
သိပ်ကောင်းတာပေါ့။ ကျွန်တော် တော်တော် မောနေပြီ။
ခင်ဗျားတော်တော် လေးနေမှာ။ သေနတ်ကြီး ပေးထားပါဗျာ။ ကျွန်တော် သယ်ပေးပါ့မယ်။
ငါ သူ့ကိုမယုံဘူး တင်တင်။
ကဲ လက်မြှောက်လိုက်စမ်း သူငယ်ချင်း။ နောက်ဆုံးတော့ မင်းကို ငါမိပြီ။
?
?
အိုး… ဘုရားရေ… ဘာပါလိမ့်။
ဘာလဲ ဘာလဲ။
လူဆိုးကောင် ဒါပဲ။
ငါ သူ့ကို မှတ်မိပြီ။ သင်္ဘောခိုးစီးတဲ့ ကောင်ပဲ။
လူယုတ်မာ သူ သတိလစ်နေတုန်း ရှာမှ။ ဘာသက်သေခံပစ္စည်းတွေများ ပါမလဲမသိဘူး။



ဟဲလို… ဒါဘာလဲ။ သတင်းထောက်
တင်တင်နှင့်ပတ်သတ်သည့် ညွှန်ကြားချက်။
ကန့်သတ် ဆိုပါလား။ ဖွင့်ကြည့်ရအောင်။
အိုဟို… စိတ်ဝင်စား
စရာပဲ။ ဖတ်ကြည့်မှ…။
ဒီကောင်
ဖတ်လို့မဖြစ်ဘူး။
ကဲ ကောင်ကလေး။ သိပ်ပြီး
မစပ်စုစမ်းနဲ့။
သေချာချည်ရမယ်။
ဒီလမ်းအတိုင်းသွားကြမယ်။
ကဲ ရောက်ပြီ။
လှေပေါ်မှာ ချည်ပေးလိုက်မယ်။
ခရီးလမ်းဖြောင့်ဖြူးပါစေ လူကြီးမင်းခင်ဗျာ
မြတ်စွာဘုရား… ဒီကောင် ငါ့ကို
မြစ်ထဲ ပစ်ထားခဲ့ပါလား။
ဘာသံကြီးလဲ…။
အမယ်လေး…


?
တော်သေးတယ်။ ဒါပေမဲ့ ဒီသစ်ကိုင်းက ငါ့အလေးချိန်ကို ဘယ်လောက်ကြာကြာ ခံနိုင်မှာလဲ။
ထိုအချိန်တွင်…
မြန်မြန်… မြန်မြန်… သာသနာပြုစခန်းကိုး။ တင်တင်ကိုကယ်ရမယ်။ ဒီလူဆိုးကို ဖမ်းရမယ်။
ဘာလဲ… ဘာဖြစ်တာလဲ။ စနိုဝီ မင်းတစ်ယောက်တည်းလား။ တင်တင် မတော်တဆဖြစ်ပြီ ထင်တယ်။ ငါတို့ သူ့ကိုသွား ရှာရမယ်။
ဝုတ်! ဝုတ်!
ဆိုးဆိုးဝါးဝါး မဖြစ်ပါစေနဲ့။
တင်တင် ရေထဲကျသွားရင်တော့ ရေတံခွန်က ပြုတ်ကျပြီး ကျောက်တုံးတွေနဲ့ ရိုက်မိလောက်ပြီ။ အသက်ရှင်လျက်ရှိပါစေ။
တင်တင်… ဘယ်သူ လုပ်သွားတာလဲ။ ငါတို့ သူ့ကို ဘယ်လိုကယ်ရမလဲ။
ကမ်းပါး ဟိုဘက်နဲ့ ဒီဘက်ကို ကြိုးနှစ်ချောင်း သွယ်လိုက်မယ်။ ဒီလိုလုပ်ရင် ကြောက်စရာကိစ္စကြီးကနေ ကယ်နိုင်လိမ့်မယ်။
အားတင်းထား တင်တင်။


ငြိမ်ငြိမ်နေ။ ငါမင်းကို ကြိုးဖြည်ပေးမယ်။
ကြိုးဖြည်ပေးမယ်ဟုတ်လား။ ငါက ကြိုးဖြည်မှာ။
ဘုရား ဘုရား… လူဆိုးက ကြိုးကို ဖြတ်ဖို့လုပ်နေပါလား။
ခဏလေးနေလို့ ဘုန်းကြီးက တင်တင်ကို ကြိုးဖြည်ပေးလိုက်ပြီးရင် ငါဒီကြိုးကို ဖြတ်ပြီး နှစ်ယောက်လုံးကို သေရွာပို့လိုက် မယ်။
ဘုရားသိကြားလို သူဒီလို မလုပ်နိုင်ပါစေနဲ့။ မြစ်အပေါ်အထိပြေးမယ်။ နောက်ပြီး ရေစီးအတိုင်း သူ ရှိတဲ့ ကမ်းပါးဆီ ကူးသွားမယ်။နောက် ဟိုကောင်ရှိတဲ့ ကျောက်တုံးအထိကို အမြန်ပြေးမယ်။
မြန်မြန်ပြေး အချိန်မီရောက်မှဖြစ်မယ်။
ကဲ အချိန်ကျပြီ၊ လာလေ့။


ကဲ ပြီးပြီ။ မင်းနောက်တစ်ခါ ကယ်တင်ခြင်းခံရပြီ။
ဟုတ်ကဲ့ ဖာသာ။ ခင်ဗျားရဲ့ စွန့်လွှတ် အနစ်နာခံမှုအတွက် ကျေးဇူးတင်ပါတယ်။
ဝုတ်! ဝုတ်!
တစ်ယောက်ယောက် ပြေးသွားပြီ။
အဲလူပဲ။ ကျွန်တော့်ကို ချတဲ့သူ။ သူ့နောက်လိုက် ဦးမယ်။ အသေရရ အရှင်ရရ ဖမ်းခဲ့မယ်။
တင်တင်တဲ့ကွ။ ဒီကောင့်ကို တစ်ချက်တည်းနဲ့ ဖမ်းလိုက်မယ်။
စနိုဝီ။ မင်းလည်း ပါတယ်။ မင်းရဲ့ စွန့်စားမှုက ငါ့ကို ကယ်လိုက်တာပဲ။ တကယ်အံ့သြစရာခွေးလေးပဲ။
ငါသူ့ကို ချလိုက်တယ်။
ဒီကောင် ငါတို့ကို အန္တရာယ် ပေးတာရပ်အောင် မလုပ်နိုင်မချင်း ငါတို့ မနားဘူးကွ။
ကောင်းတယ်။ ခု ငါ လူဆိုးဖမ်းရတာ ပျော်နေပြီ။
ဒီကောင့်လက်ထဲပါတဲ့ စာက ဘာစာလဲ သိဖို့လိုတယ်။
အနံ့ကတော့ လတ်ဆတ် တုန်းပဲ။
ဒီကောင် ငါ့လက်က လွတ်သွားပြန်ပြီ။ ဒီတစ်ခါ ဒီနားက မျိုးနွယ်စုတွေ အကုန်လုံး ကိုမြှောက်ထိုး ပင့်ကော်လုပ်ပေးရမယ်။
ဟိုမှာ...။
ဝုတ်! ဝုတ်!
အို... ဟိုကောင်ပါလား...။ ငါ သူ့ကို ယုန်ပစ်သလို ပစ်လိုက်မယ်။
ဝုတ်!
ဒိုင်း
ဒိုင်း
ဒိုင်း
ဒိုင်း
ဝိုး...


ဒိုင်း
ဒိုင်း ဒိုင်း
ဒိုင်း
ဝိုး…
ဝိုး…
တောက်…
ဟာကွာ… ကျည်ကုန်ပြီ။
မင်းကိုငါ တစ်စစီလုပ်ပစ်မယ် ငချွတ်လေး။
သတိထား။
တင်တင်… ရပ်…။
အလိုလေး… ငါတော့
ကျောက်တုံးပေါ်ကျပြီး
ကြေမွကုန်တော့မယ်။


?
?
ပလုံ
သနားစရာ
နတ်ဆိုးလေး။
ဝုတ် ဝုတ်
ဟာ
စနိုဝီအသံပဲ။
အပေါ်မှာ
ဘာတွေ
ဖြစ်နေကြတာလဲ။
စနိုဝီ ပျောက်သွားပြီ။
ခြေရာတွေ… စနိုဝီခြေရာနဲ့ ဝက်ဝံခြေရာ။
စနိုဝီကို တစ်ယောက်ယောက် ဖမ်းသွားပြီ။
တော်သေးတယ်။ ခြေရာတွေက
ထင်းနေတုန်းပဲ။ လိုက်လို့လွယ်သွားပြီ။
အိုဟိုး… ဟိုမှာ စစ်သားကြီးပါလား။
စနိုဝီကို အတင်းအဓမ္မဖမ်းခေါ်သွားမှုကို
သူသိလောက်တယ်။
သူ့ဆီကို မြွေတွေလို
တွားတွား ပြီးသွားရမယ်။



စစ်သားကြီး မဟုတ်ဘဲ ကောင်ကလေးပါလား။
ဟေ့လူ… ငါ့ခွေး စနိုဗီကို တွေ့လား။
?
အမ်… ကောင်လေး မဟုတ်ပါလား။ ပီဂျင်သက်ကြီးပုအဘိုးအိုပဲ။
?
ဟာ… ဟာ မပြေးနဲ့လေ။ မင်းကို ငါ ကိုက်မစားပါဘူး။
အမယ်လေး ဘယ်လိုမှမဓိနိုင်ပါလား။
အာ… ဘုရားရေ။ ဘာသံတွေလဲ။ တန်တန်တွေရဲ့ စစ်ချီသံပဲဟ။ ဘုန်း ဘုန်း ဘုန်း…
?
ပီဂျင်တွေက အေးအေးချမ်းချမ်းနေတယ်လို့ သိထားတာပါ။
တော်ပြီ တင်တင်။ မပြေးနဲ့တော့။ မတန်ပါဘူး။ ပြန်လှည့်ပြီး ဒီမျက်နှာမည်းတွေကို ရင်ဆိုင်လိုက်စမ်းပါ။ ကောင်းကောင်းနှုတ်ဆက်လိုက် စမ်းပါ။




မင်္ဂလာပါ မစ္စတာ တင်တင်၊ ကျွန်တော်တို့ရွာက ကြိုဆိုပါတယ်။
?
မင်းတို့ ငါ့ကို သိတယ်။
ငါတို့ မင်းကို သိတယ်။ ပတ်ဗန့်တီး ယမ်းကလေ။
ငါတို့နဲ့ လိုက်ခဲ့။ မင်းအတွက် အံ့အားသင့်စရာလေး ရှိတယ်။
အံ့အားသင့်စရာဟုတ်လား။
ကြည့်...။
?
အနားတိုးခဲ့ပါ။ ငါ့ရဲ့သစ္စာရှိ မိတ်ဆွေ။
စနိုဝီကို မြစ်ကမ်းနားမှာ တွေ့လို့ ငါတို့ ခေါ်လာခဲ့တာ။
အရှိအသေပေးပါတယ် ဘုရင်မင်းမြတ်။
စနိုဝီ... ဟင် ဘယ်မှာလဲ။
ဟာ စာပါလား။ ဟို လူဆိုးရဲ့ စာ။
ကဲ ဖတ်ကြည့်ရအောင်။
သတင်းထောက် တင်တင်နှင့် ပတ်သက်သည့် ညွှန်ကြားချက်
လျှို့ဝှက်
၁။ မည်သည့်နည်းကို သုံးသည်ဖြစ်စေ သတင်းထောက် တင်တင်အား ရှင်းပစ်ရန်၊ မတော်တဆ သေဆုံးမှုဟု ထင်ကျန်စေရမည်။
၂။ သင် အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ မတ်လ ၃၁ ရက်နေ့ နေ့လယ်တွင် ကာလာဘာလွန်းရှိ ထန်းပင်ကြီးအောက်တွင် တွေ့ဆုံမည်။
၃။ တွေ့ဆုံချိန်တွင် နောက်ဆက်တွဲ ညွှန်ကြားချက်များပေးမည်။
ပုံ
အေဇီ
ဒါတွေက ဘာကို ဆိုလိုတာလဲ။ ထူးဆန်းလှချည်လားဟ။ အေဇီဆိုတာ ဘာအဓိပ္ပာယ်များလဲ။
စဉ်းစားစရာပဲ။



ဟားဟား… တင်တင်မှာ အကြံကုန်တယ်ရယ်လို့ မရှိဘူးကွ။ တိုက်ခိုက်မှုကို တိုက်ခိုက်မှုနဲ့ တန်ပြန်ရမယ်။ ဒီလိုလုပ်မယ် စနိုဝီ။
အို… အို… ကောင်းတယ်။ သိပ်ကောင်းတယ်။ ရှယ်မိုက်တယ်။
ကာလာဘာလူး ၃၁ ရက် မတ်လ၊ နေ့လယ်။
ဟိုမှာ ငါတို့လူ။
မင်္ဂလာပါ တွမ်။ တင်တင်ရော။
မင်္ဂလာပါ ဆရာ။ တင်တင်လားသေပြီ။
တော်တယ်၊ တွမ်။ ငါ ဂီဘွမ်း ကတိပေးတယ်။ သူ့ငွေးက မင်းကို မမေ့စေရဘူး။ ကျေးဇူးတင်တယ်။ ခုတော့ ဘယ်ဂျီယန် ကွန်ဂိုက စိန်ထုတ်လုပ်ရေး လမ်းကြောင်းရှင်းပြီ။
?
သိပ်ကောင်းတယ်။ ခု ငါတို့ အလုပ်စတော့မယ်။ ငါ အကုန်လုပ်နိုင်တယ်။
ဒီဘဲကြီးကို ရှင်းလိုက်ရအောင်။
တင်တင်ကို ဘယ်လိုလက်စ ဖျောက်လိုက်လဲ ပြောပါဦး။
အဟမ်း… အဟမ်း။
ပထမဆုံး ကျွန်တော်က သူ့သူငယ်ချင်း ဟန်ဆောင်လိုက်တယ်။ ပြီးတော့ သူနဲ့စကားပြောတယ်။ သူက သူ့သေနတ်ကို သစ်ပင်မှာထောင်ထားတယ်။ နောက်ပြီး သူက ကျွန်တော့်ကို ခဏနောက်ကျောပေးသွားတယ်။ အဲဒီအချိန်မှာ ကျွန်တော်သေနတ်ကို ကောက်ယူလိုက်ပြီးတော့…။
သိပ်ကောင်းတဲ့ အကြံပဲ။
သေနတ်ပြောင်းကနေ ကိုင်ပြီးတော့ ရှေ့တိုးလိုက်တယ်။
ဟုတ်ပြီး နောက်ပြီးတော့ရော…။
နောက်ပြီးတော့… ဒီလို…။
နည်းနည်းပါးပါး စစ်ဆေးမေးမြန်းကြမယ်။
သတိရအောင် လုပ်လိုက်မယ်။
ဖြန်း
ဟင် တင်တင်။
ဟုတ်တယ် တင်တင် ကိုယ်တိုင် အေစီဆိုတာ ဘယ်သူလဲ သူဘာလုပ်ချင်တာလဲ ပြောဖို့ မင်းကို အမိန့်ပေးတယ်။



အစီဆိုတာ အယ် ကာပွန်၊ ကြောက်စရာ မျက်နှာပိုင်ရှင်၊ ချီကာဂို လူဆိုးဂိုဏ်းတွေရဲ့ဘုရင်ပဲ။ မြို့ထဲက စီးပွားရေးတွေ အကုန်လုံးကို သိမ်းပိုက်ပြီးတဲ့အချိန်မှာ သူဝင်ငွေတိုးအောင်လို့ ချီကာဂို ကွန်ဂိုရဲ့ စိန်ထုတ်လုပ်မှုတွေကိုထိန်းချုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ အယ်ကာပွန်က မင်းရဲ့ ရှုရှားခရီးစဉ်အကြောင်းကို အကုန်လိုက်ထားတယ်။ မင်း ကွန်ဂိုကိုသွားတယ်လို့ ကြားတော့ မင်းက သူ့အစီအစဉ်ကိုသိပြီး ဖျက်ဆီးဖို့သွားတယ်လို့ ယူဆပြီး မင်းကို ရှင်းဖို့ ဆုံးဖြတ်လိုက်တာပဲ။ သူ့ရဲ့တပည့်တစ်ယောက်ကို မင်းနောက်လိုက်ခိုင်းလိုက်တယ်။ သူကိုမင်းကို ရှင်းပစ်ဖို့ ခိုင်းလိုက်တယ်။ မင်းကန့်လန့်ကန့်လန့် မဖြစ်နေတော့ရင် ငါတို့က ဒီမှာ အကြမ်းဖက်မှုတွေ စ,လုပ်တော့မှာ။
မင်းရဲ့ ကြံရာပါတွေ ဘယ်မှာလဲ။
ဒီနေ့ညနေ အစီရဲ့ ဗိုလ်ကြီးသုံးယောက်နဲ့ ရွာထိပ်က အိမ်မှာ အစည်းအဝေးရှိတယ်။
ကဲ ခုတော့ လှည့်ပတ်မနေဘဲ ရဲစခန်းကို ကြွပေတော့။
?
ဘုရားရေ။ လာပတီဗန်တီးဗန်းက သတင်းထောက် တင်တင်ပါလား။
မင်္ဂလာပါ။ ကျွန်တော် အရေးကြီးတဲ့ တရားခံတစ်ယောက် ဖမ်းလာတယ်။
ကောင်းတယ်ဟေ့။ ဒီကောင့်ကို သေချာခေါ်သွားကြစမ်း။ ထွက်မပြေးစေနဲ့ဟေ့။
ဇာတ်လမ်းကတော့ အခု ဒီလောက်ပဲ။ ဖမ်းချင်ရင်တော့ ဒီညမှာ ကျန်တဲ့ သုံးယောက်ကို ဖမ်းလို့ရတယ်။
သေချာတာပေါ့။ အကြံကောင်းပဲ။
ထိုညတွင်…။
သူတို့အားလုံး ဒီမှာပဲ။
မင်းကို မမြင်စေနဲ့ တင်တင်။
ငါတို့ အစီအစဉ်အောင်မြင်ပြီ။ အကုန်အဆင်သင့်ပဲ။ ပထမဆုံးခလုတ်ကန်သင်းကို ဖယ်လိုက်နိုင်ပြီ။ တင်တင် သတင်းထောက်ကိုပြောတာ။ ဂျီဘွန် ခဏနေရောက်လာပြီး တင်တင်ကို ဘယ်လိုသေလဲ ပြောပြလိမ့်မယ်။



တင်တင် သေတယ်။ ငါ့စိတ်ထင်တော့ ဒီလိုတင်ပြတာ နည်းနည်း ဆန္ဒစောနေသလားလို့။
ဒိုင်း
ဒိုင်း
ဒိုင်း
ဝှီး...
ဝှီး...
ဒိုင်း
ဒိုင်း
ဒိုင်း
?
ကောင်းတယ်။ ကောင်းတယ်။ ဒီလူယုတ်မာတွေ တင်တင်ကိုဒုက္ခပေးလို့ မရတော့ဘူး။ အကုန်ထောင်ထဲသွားစမ်း။
ရက်အနည်းငယ်ကြာသော်
LE COU
THE ARREST
THE BUSH TELEGRAPH
THE COLC
THE AFRICAN အထူးထုတ်
ကဲ စနိုဝီရေ ငါတို့တွေ မြို့ရဲ့နန်းတော်ကြီးမှာ စိမ်ခံအပျင်းထူနေတာ တစ်ပတ်ရှိပြီကွဲ့။
တော်လောက်ပြီ။ မနက်ဖြန်ခရီးထွက်မယ်။
မြန်လိုက်တာ။
နောက်တစ်ရက် မနက်
?


ဘာဖြစ်တာလဲ။ ရှိသမျှကယ်ရီတွေ ဘယ်ထွက်ပြေးကုန်တာလဲ။
စိတ်ညစ်စရာ နိုင်ငံပဲ။
နေလောင်ကွက်တွေ လှလိုက်တာ။ ကျားသစ်လား။
ခဏနေဦး။ တော်ကြာ ကျားသစ်လိမ္မာနောက်တစ်ကောင်ဖြစ်နေဦးမယ်။ သေနတ်မယူခင် ငြိမ်သွားအောင် စမ်းကြည့်မှ။ အို… ကျားသစ်လှလှ လေးရေ။ ကျားသစ်လိမ္မာလေးရေ။
သေနတ်ရှာမရပါလား။ ဒီရေပြွတ်နဲ့ ပတ်ပြီး အေးအောင်လုပ်လိုက်မှ…။
ရှူး…
သူ ဆော်ဒါရေကို သိပ်မကြိုက် ဘူးထင်တယ်။
သေနတ် သေနတ်။ မြန်မြန်။ ငါကိုင်မိတာ ဘာပါလိမ့်။ အာ… မှန်ပဲ။ အကြံရပြီ။
!
အမယ်လေး ကြောက် စရာ အကောင်ကြီး။
ကဲ ဒါပဲလေ။
ပစ္စည်းသယ်တဲ့သူတွေ ထွက်ပြေးသွားမှတော့ ငါတို့ဘာသာပဲ ခရီးဆက်ကြတာပေါ့။
ဟာ… သစ်ကုလားအုပ်တွေပါလား။ ဗီဒီယိုရိုက်ကြရအောင်။



အသင့်…ကင်မရာကို လှည့်မယ်။
သူတို့ကို ကြည့်ရတာ လည်ပင်းညောင်းတယ်။
ဟာကွာ… ပြေးကုန်ပြီ။
ဟေး… မြန်မြန် မပြေးနဲ့။
ကဲ… ဒီလို… သူတို့ သတိမထားမိစေနဲ့။
Zut!zut!et zut!...
ဒီသတ္တဝါတွေကို ဘယ်လိုလုပ်ပြီး အနီးကပ်ရိုက်ရမလဲ။
ဟမ် နောက်အကြံရပြန်ပြီလား။ အကြံတွေ ဘယ်နှားသွားသွားရှာလာတာလဲ။
?



တောထဲက သစ်ကုလားအုတ်တွေနဲ့ ဒီဟာက
အရမ်းမိုက်တဲ့ မှတ်တမ်းရုပ်ရှင်တစ်ခုဖြစ်ပြီပဲ။
အရမ်းလှပြီး သန်မာတဲ့
ကြံကြီးပါလား။
သန်မာတာတော့ ဟုတ်ပါတယ်။
လှတယ်တော့မထင်ပါဘူး။
ဒါကြီးကို ပစ်ပြီး ယူသွားမှ…။
ဒိုင်း
ဒိုင်း
ဒိုင်း
ဒိုင်း
မမိုက်ဘူး။ ငါ့သေနတ်ရဲ့ကျည်က ဒီ
လောက်ထူတဲ့ အရေပြားကို မဖောက်ဝင်
နိုင်ပါလား။ ဘယ်လို သတ္တဝါဆိုးကြီး
လဲ။ တခြားတစ်နည်းနဲ့စမ်းကြည့်ရမယ်။
သူ့ကျည်ကာ
ဝတ်ထားတယ်
ထင်တယ်။
သတိထား။
ပထမဆုံးအပေါက်ဖောက်မယ်။
ပြီးတော့ ဒိုင်းနမိုက်
ထည့်မယ်။
ပြီးတော့
မီးစာဖြည့်မယ်။
ခု မီးစာကို ရှို့မယ်။
ပြီးတော့ ပြေးမယ်။
ရှူး…
ဘုန်း…
ဒါပဲ။
အယ်… ပေါက်ကွဲတာ
နည်းနည်းလေး ပြင်းသွားတယ်။



ဝေးဝေး မသွားနဲ့ စနိုဝီ။
ငါက ခွေးပိစိလေး မဟုတ်တော့ဘူး။
ဘာလို့လဲ… ကြည့်စမ်း နွားတွေ။
စနိုဝီ… ဒီကိုလာ။
?
ဟဲလို… နွားကြီးရေ။
စနိုဝီ သတိထား… အဲဒါ ကျွဲတွေ။ သူတို့က အရမ်းကြမ်းတယ်။
စောစော မပြောဘူး။
အမယ်လေး ကယ်ပါဦး။ ကျွဲတွေ စနိုဝီကို လွှတ်လိုက်ပြီး ငါ့နောက်လိုက်လာပြီ။
ခရက်!
ဘယ်သွားမလို့လဲ။


?
အားတင်းထား
တင်တင် ငါလာပြီ။
ဒီကျွဲရူတ်တွေနဲ့မှ ငါ တင်တင်လည်း ဖွတ်ဖွတ် ညက်ညက်ကြေတာပဲ။ သိက္ခာကျတယ်ကွာ။
ကံကောင်း
တယ်။ ငါမရှိရင်
သူရေနစ်ပြီ။
ရာဘာပင်။ အကြံရပြီ။
ဒါ ရိုးရိုး သစ်ပင်ပါ။
ရာဘာနဲ့ လုပ်ထားတဲ့
ပုံလည်း မပေါက်ပါဘူး။
ဒါ တကယ်
ရာဘာတွေလား။
ရာဘာရည်နှစ်ခု ပေါင်းမိသွားပြီ
သူတို့ကို ခဲအောင်စောင့်ရမယ်။
ကဲ အသင့်ပဲ။ ဆရာ ကျွဲတို့ရေ
စိန်ခေါ်ပွဲစပြီဟေ့။ တစ်ချက်ပဲ။
လက်နက်
တပ်ဆင်ပြီးပြီ။
တိန်


ကဲ ကြည့်ထား။ သူလာပြီ။
ငါ့ရဲ့ လောက်လေးခွလည်း
အသင့်ပဲ။
ကဲ…!
ရှပ်တု ထုရင် သိပ်မိုက်မှာပဲ။
'ဒေးဗစ်ရဲ့ ဧရာမ အောင်မြင်မှု'
ခါတ်ပုံထဲမှာ ငါလှလား။ တင်တင်။
?
?
အမလေး ဒီတစ်ခါတော့ များ
သွားပဟဲ့။ ကျွဲတစ်ကောင်ထဲက
နိုင်တယ်။ ကျွဲအကောင် ငါးဆယ်
ကတော့ မဖြစ်နိုင်ဘူး။
ဒုက္ခလှလှတွေ့ပြီ။
လေယာဉ်ပျံသံပါလား။
အို… လူဖြူတစ်ယောက်
ကျွဲလိုက်တာ ခံနေရပါလား။
အမယ်လေး… နတ်ဆိုးတွေ
ငါ့လည်ပင်းကိုညစ်နေကြပြီ။
သူ့ကို ကယ်မှ…


ဟာ ကြိုးလှေကားပါလား။
ဘေးကင်းပြီ စနိုဝီရေ… ဒီကိုလာ။
လိုဏ်ခေါင်းပါလား
ဘေးကင်းပြီ။
အမယ်လေး…
အတင်းဆောင့်ဆွဲတာပဲ။
!
အချိန်မီလေးပဲ။
ငါ့ခွေးကျန်ခဲ့တယ်။
အောက်ကိုပြန်ဆင်းပေးပါ။
ဟင်… ရူးနေလား။ မင်းအသက်
ခွန်ပြီး ကယ်မယ်ဟုတ်လား။
ငါ စနိုဝီကိုထားခဲ့လို့ မဖြစ်ဘူးလေ။
စနိုဝီ ဟုတ်လား။
စနိုဝီ တဲ့လား။ မင်းတကယ့် စနိုဝီအကြောင်း
ပြောနေတာလား။ ဒါဆို မင်းက တင်တင်ပေါ့။
ဟုတ်တယ်
ထင်တာပဲ။
မင်းသတင်းမကြားတာ တစ်လလောက်
ရှိလို့ ငါတို့မင်းကို လေယာဉ်နဲ့
ပတ်ရှာနေတာ။ ခု ဘယ်ဂျီယန်ကို
ခေါ်သွားရမယ်။
ဟေ… လေယာဉ်မှူးကြီး။
ပြန်လှည့်ပြီး မြေပြင်ပေါ်ဆင်းမယ်။
အခု တင်တင်ကိုတော့ တွေ့ခဲ့ပြီ။
ငါတို့ သူ့ရဲ့ခွေး စနိုဝီကို ရှာရမယ်။
ခု စနိုဝီကို သွားရှာမယ်။



ခု စနိုဝီကို သွားရှာမယ်။
စနိုဝီက ဒီနားလေးမှာ ပျောက်သွားတာပဲ။
စနိုဝီ… စနိုဝီ… စနိုဝီ…။
သနားစရာ စနိုဝီလေး… ကျွဲတွေသူ့ကို မိသွားလား မသိဘူး။
ဝုတ်… ဝုတ်…။
ဒါ ငါ့ကို ကယ်တဲ့ လူကြီးမင်းပဲ။ သူအခု ငါတို့ကို ဘယ်ဂျီယန်ကို ပြန်ခေါ်သွားမှာတဲ့။
ဟာ… ဘယ်ဂျီယန်ကို… ပျော်စရာကြီး။
ခင်ဗျားအတွက် အရေးကြီးတဲ့ အလုပ်တစ်ခု ရှိပုံရတယ်။ အဲဒါကြောင့် ခေါ်ခိုင်းလိုက်တာ။
တာ့ တာ့… ကွန်ဂို။ ဒီမှာ အရမ်းပျော်ခဲ့ပါတယ်။
ကွန်ဂိုက သတင်းတင်ဆက်မှုကတော့ ပြီးပြီပေါ့။ အိမ်ပြန်ရောက်ပြီးရင် ကမ္ဘာရဲ့ ဘယ်နေရာကို သွားရမှာပါလိမ့်။


ကဖေး
ဘယ်ဂျီယန်မှာဆို လူတိုင်းက တင်တင်လိုပဲ အဖြူတဲ့ကွ။
တင်တင်ရဲ့ စက်ပစ္စည်းကို တွေ့တယ်။
တင်တင် တစ်နှစ်နဲ့ တစ်ရက် ပြန်မလာဘူးဆိုရင် ဒီဟာကို မင်းပိုင်ပြီ။
မင်း မလိမ္မာရင် တင်တင်လို ဘယ်တော့မှ ဖြစ်မှာမဟုတ်ဘူး
တင်တင်လို ကျောက်ခဲခွဲသူ တစ်ယောက်မှ မမြင်ဖူးဘူး။ (Boula Matari)
ဒီခွေး စနိုဝီနဲ့ တူတယ်။
HERGÉ


ပြီးပါပြီ။

EXIT BOOKS

တင်တင်၏စွန့်စားခန်းများဖြစ်သည့်
ဆိုဗီယက်၊ ကွန်ဂို နှင့် အမေရိက
တို့ကို
တစ်ပြိုင်တည်း ထုတ်ဝေမည်ဖြစ်ပါသည်။




တစ်အုပ် ၂၀၀၀ ကျပ်

WE မှတစ်ဆင့် အိမ်တိုင်ရာရောက် မှာယူနိုင်ပါပြီ။

WE DISTRIBUTION®

09 250091913

CoverDesignby:PaingNaingAung


WE
DISTRIBUTION®
စာအုပ်တစ်အုပ်ဝယ်ဖို့အတွက်
တန်ဖိုးရှိလှတဲ့ သင့်ရဲ့
အချိန်တွေကို ဘယ်လောက်
သုံးပစ်ဖို့လိုသလဲ..
BOOK SHOP
စာအုပ်ဆိုင်သွား..
ကားပိတ်တဲ့ဒုက္ခ
စာအုပ်ဆိုင်ရောက်မှ
လိုချင်တဲ့စာအုပ်ကို..ရှာမရ
ဝန်ထမ်းတွေကို.. မေးမရတဲ့ဒုက္ခ
စာအုပ်ရှာမရလို့ ခေါင်းမခဲပါနဲ့တော့..
ကလစ်တစ်ချက်သာနှိပ်လိုက်ပါ....
ကျန်တာအားလုံးကို.. We Distributionမှ
တာဝန်ယူပါရစေ....
Facebook/wedistribution
Facebook ၏ Serch Box တွင်
We Distribution ....ဟု...
ရိုက်နှိပ်..ရှာဖွေပါ...
Page ကို Like နှိပ်ပြီး
Messages မှတဆင့်
မိမိမှာယူလိုသည့် စာအုပ်နာမည်ကို
မိမိ၏- အမည်..လိပ်စာ..ဖုန်းနံပါတ်များ
ရေးသားပြီး..မှာကြားပါ....
အိမ်တိုင်ရာရောက်စနစ်ဖြင့်
မိမိတို့မှာယူထားသော
စာအုပ်လာပို့သည့်သူကိုသာ
ကျသင့်ငွေရှင်းပေးရမည်ဖြစ်သည်
မိမိတို့မှာယူသည့် စာအုပ်အရေအတွက်
နယ်မြေအလိုက်ပို့ခ ကွာခြားမည်ဖြစ်သည်
အခြေခံအားဖြင့် ရန်ကုန်..မန္တလေး၊ တောင်ကြီး
မော်လမြိုင်..နေပြည်တော်..မြို့ကြီးများအတွက်
ပို့ခ..တစ်ထောင်ဝန်းကျင်သာကျသင့်မည်ဖြစ်သည်
B.O.O.K.
facebook/wedistribution
Hot Line -09782311566, 09250091913